## EO 2020-35 : 2019-2020 ပညာသင်နှစ်အတွက် K-12 ကျောင်းပိတ်ခြင်းဆိုင်ရာ စီမံဆောင်ရွက်မှု

**အကျဉ်း-**

- ကျွန်ုပ်တို့သည် အများပြည်သူကျန်းမာရေးနှင့်ပတ်သက်၍ အကျပ်အတည်းကာလတွင် ရှိနေသည်။ ကျောင်းသားများနှင့် ဆရာများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကောင်းမွန်စွာနေထိုင်နိုင်ရေးသည် ကျွန်ုပ်တို့၏ ပဏာမ ဦးစားပေးကိစ္စများဖြစ်သည်။ K-12 ပညာရေးကို ချမှတ်သည့် တိကျမှန်ကန်သောစည်းမျဉ်းများသည် လက်ရှိစာပိုဒ်နှင့် မသက်ဆိုင်ပါ။
- ကျပ်တည်းနေသည့်ကာလဖြစ်သော်လည်း ပညာရေးအတွက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုကပ်ရောဂါကာလအတွင်း ကျွန်ုပ်တို့၏ ကျောင်းသားများအား လေ့လာသင်ကြားနိုင်ခွင့်များပေးရန် ကျွန်ုပ်တို့တွင် တာဝန်ရှိသည်။
- တင်းကြပ်စွာလိုက်နာဆောင်ရွက်မှုအကြောင်းကို စဉ်းစားသုံးသပ်နေမည့်အစား ကျွန်ုပ်တို့အနေဖြင့် အခြား "c" တန်ဖိုးများ - ဆက်သွယ်ရေး၊ အခြေခံ အသိဉာဏ် ၊ စာနာရိုင်းပင်းမှု၊ ဖန်တီးနိုင်မှု နှင့် ပူးပေါင်းဆောင်ရွက် မှုတို့အပေါ် အလေးထားဆောင်ရွက်ရန် လိုအပ်သည်။
- သင်ကြားခြင်း၊ လေ့လာသင်ယူခြင်းနှင့် ညွှန်ကြားချက်ပေးပို့ခြင်းပုံစံသည် စီရင်စုဒေသအလိုက် ကွာခြားမှုရှိသည်။ တစ်သမတ်တည်း သတ်မှတ် ဆောင်ရွက်သည့်ချဉ်းကပ်ဆောင်ရွက်မှုအားလုံးသည် လက်တွေ့မကျပါ။
- ကျောင်းများကို 2020-21 ပညာသင်နှစ်တွင် ပြန်ဖွင့်သည့်အခါ ကျောင်းသားများအတွက် နောက်ထပ်ကြားဝင်ဖြည့်စွက်ဆောင်ရွက်မှုနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ဆောင်ရွက်ပေးရန် လိုအပ်သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏ စီနီယာများသည် ဘွဲ့ရရှိနိုင်ပြီး အလယ်တန်းလွန်ကူးပြောင်းမှုများကို အောင်မြင်စွာလုပ်ဆောင် နိုင်ပါမည်ဟု ကျွန်ုပ်တို့ အာမခံပေးရမည်ဖြစ်သည်။

### စီမံဆောင်ရွက်ရေးအမိန့်ကြော်ငြာစာ (EO) ဆိုင်ရာ အရေးကြီးသောလိုအပ်ချက်များ

**ကျောင်းပိတ်ခြင်း/နေ့ရက်များနှင့် နာရီများ/တက်ရောက်ခြင်း/ပြက္ခဒိန်**

- **ကျောင်းပိတ်ခြင်း -** မြို့တော်ဝန်မှ ကျောင်းပြန်ဖွင့်ရန် လုံခြုံစိတ်ချမှုရှိကြောင်း ညွှန်ကြားခြင်းနှင့် တားမြစ် ကန့်သတ်ချက်များကို ဖြေလျှော့ပေးမှုများ မရှိမချင်း ယခုပညာသင်နှစ်၏ ကျန်ရှိသောကာလတွင် ကျောင်းလုပ်ငန်းဆောင်ရွက်မှုများကို ပိတ်ထားပါသည်။ ဤတွင် အားကစားများနှင့် သင်ရိုးပြင်ပဆောင်ရွက်မှုများလည်းပါဝင်ပါသည်။

- **သတ်မှတ်ပြဌာန်းထားသောကျောင်းပိတ်ရက်များနှင့် အချိန်နာရီများ -** ပြည်နယ်မှ သတ်မှတ်ပြဌာန်းသော ကျောင်းပိတ်ခြင်းကြောင့် "ဆီးနှင်းများစွာကျသည့်ရက်" ၆ ရက် ထက်ပို၍ ၁၃ ရက်အဖြစ် ချန်လှပ်ပါ။ ကျောင်းဆရာများအား ညွှန်ကြားချက်ချမှတ်ပေးပို့သည့်ပုံစံသစ်များသို့ ကူးပြောင်းရာတွင် အကူအညီဖြစ်စေရေးအတွက် အခြားကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်သည့်ရက်များကို ၅ ရက် ထပ်မံပေါင်းဖြည့်၍ ညွှန်ကြားထားသော အချိန်အထိခွင့်ပြုပါ။

- **တက်ရောက်ခြင်း -** ပြည်နယ်အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာထားသည့်အတွက် ၇၅ % ပြည့်မှီအောင်တက်ရမည်ဟူသည့်စည်းမျဉ်းကို လျှော့ပေါ့ပါ။

- **ထောက်ပံ့ဆောင်ရွက်မှုများ -** အစိုးရကျောင်းဝန်ထမ်းများနှင့် ကန်ထရိုက်တာများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း (မလိုအပ်ဘဲ ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်ရန်မလိုခြင်းနှင့် အခြားဝန်ထမ်းများနှင့် ခြောက်ပေအကွာတွင်လည်း ထိန်းသိမ်းနေထိုင်ခြင်း) ကို ကျင့်သုံးခြင်းမှစ၍ အဝေးမှ သင်ကြားလေ့လာနိုင် ရေးတိုးမြှင့်ဆောင်ရွက်ခြင်းရည်ရွယ်ချက်များအတွက် စီရင်စုဒေသဆိုင်ရာ ထောက်ပံ့ဆောင်ရွက်မှုများကို အသုံးပြု နိုင်ကြောင်း EO တွင် ရှင်းလင်းဖော်ပြထားသည်။

- **ကျောင်းပြက္ခဒိန် -** စီရင်စုဒေသများအား 2019-2020 ကျောင်းပညာသင်နှစ်အတွက် ပြက္ခဒိန်ကို ် ချိန်ညှိချမှတ်ရန် / သို့မဟုတ် နောက်ထပ်အတည်ပြုချက်များကို ရှာဖွေခြင်းမရှိဘဲ အလုပ်သမားနေ့ မတိုင်မီ 2020-2021 ကျောင်းပညာသင်နှစ်ကို စတင်ရန် ခွင့်ပြုပါ။

**လေ့လာသင်ယူခြင်းနှင့် COVID-19 တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်အား ဆက်လက်ဆောင်ရွက်ရေး**

- **ပညာသင်ခွင့်လျှောက်ထားမှုလုပ်ငန်းစဉ်အား ဆက်လက်လုပ်ဆောင်ခြင်း**

- ရက်/အချိန်ပိုထားရှိရေးလိုအပ်ချက်များကို လျှော့ပေါ့ပေးရန်အတွက် စီရင်စုဒေသများအနေဖြင့် လေ့လာသင်ယူခြင်းနှင့် COVID-19 တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်အား ဆက်လက်ဆောင်ရွက်ရေး လျှောက်လွှာကို တင်သွင်းရမည်။
- လျှောက်လွှာကို အဆင့်နှစ်ဆင့်ဖြင့် အတည်ပြုမည်ဖြစ်ပြီး ပထမဆုံးအဆင့်အနေဖြင့် လျှောက်လွှာကို အလယ်တန်းကျောင်းစီရင်စုဒေသ (ISD) သို့မဟုတ် တရားဝင်ကျောင်းအာဏာပိုင်မှ ဆန်းစစ် အတည်ပြုမည်ဖြစ်သည်။ ISD/အာဏာပိုင်မှ အတည်ပြုချက်အပေါ် မူတည်၍ MI ပညာရေးဌာန (MDE) သို့ အစီအစဉ်များကို တင်ပြရမည်ဖြစ်ပြီး ကျန်ရှိသော ရက်များ/အချိန်နာရီများ “ လျှော့ပေါ့ပေးရေး” ကို အလိုအလျောက်ခွင့်ပြုရမည်။
- စီရင်စုဒေသအနေဖြင့် 2019-2020 ကျောင်းပညာသင်နှစ်အတွက် ပြည်နယ်အထောက်အပံ့ကို ဆက်လက်လက်ခံရရှိနိုင်ရန်အတွက် အစီအစဉ်ကို အတည်ပြုရမည်။

- **လေ့လာသင်ယူခြင်းအစီအစဉ်နှင့် COVID-19 တုံ့ပြန်ဆောင်ရွက်ခြင်းအစီအစဉ်အပိုင်းများကို အဆက်မပြတ် ဆောင်ရွက်ရေးတွင် ပါဝင်သည်များမှာ -**

- မည်သည့်ချမှတ်ပေးပို့သည့်နည်းလမ်းအမျိုးအစားဖြင့်မဆို စီရင်စုဒေသများမှ မည်သို့ ညွှန်ကြားချက်ပေးမည်ဟူသည်တို့နှင့် သက်ဆိုင်သည့်ဖော်ပြချက်
- အစားအစာထောက်ပံ့ဖြန့်ဖြူးခြင်းအားဆက်လက်ဆောင်ရွက်ရန် ကတိပြုချက်
- ကျောင်းဝန်ထမ်းများအားလုံးကို လုပ်ခလစာပေးရန် ကတိပြုချက်
- စိတ်ကျန်းမာရေးဝန်ဆောင်မှုများအား ဆက်လက်လုပ်ဆောင်ပေးရန် ကတိပြုချက်
- လိုအပ်သောလုပ်ငန်းအင်အားတွင် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုကို အားထုတ်ပံ့ပိုး ကူညီဆောင်ရွက်ပေးရန် ကတိပြုချက် - တို့ဖြစ်သည်။

- **အရေးကြီးသောအချက်များ-**
  - အစီအစဉ်သည် အွန်လိုင်းညွှန်ကြားချက်အချို့အပေါ် မူတည်ပါက ကျောင်းသားတိုင်းသည် အင်တာ နက်နှင့် ချိတ်ဆက်နိုင်သော သက်ဆိုင်ရာကိရိယာအား အသုံးပြုနိုင်ကြောင်း စီရင်စုဒေသမှ

    အသေအချာ ဆောင်ရွက်သင့်သည်။
  - အစီအစဉ်တွင် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ကျောင်းသားများနှင့် မိသားစု များကို ပြစ်ဒဏ်မချမှတ်ရပါ။

- ○ အစီအစဉ်ဆောင်ရွက်ရန်အတွက် စီရင်စုဒေသများအနေဖြင့် ဒေသတစ်ခုနှင့်တစ်ခု သို့မဟုတ် ပြင်ပ အဖွဲ့အစည်းများ/ရောင်းချသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်သည်။
- ○ အကြောင်းအရာ/သင်ရိုးညွှန်းတမ်းဆုံးဖြတ်ချက်အားလုံးသည် ဒေသအလျောက် ချမှတ်သည့် ဆုံးဖြတ်ချက်များဖြစ်သည်။

## အခြားပြဌာန်းချက်များ

- **အကဲဖြတ်တွက်ချက်ခြင်း/အစီရင်ခံတင်ပြခြင်း -** နွေရာသီအကဲဖြတ်တွက်ချက်မှုများကို ရုပ်သိမ်းပါ။ တစ်နှစ် တည်းအတွက်သာ အကဲဖြတ်တွက်ချက်သည့်အချက်အလက် (A-F၊ Grade 3 ဖြင့်ဖတ်ရှုခြင်း၊ ကျောင်းဆရာ တွက်ချက်ခြင်း၊ မိတ်ဖက်စီရင်စုဒေသရည်မှန်းချက်များ) ကို အသုံးချသည့် ပြဌာန်းဥပဒေပါ လိုအပ်ချက် အားလုံးကို ရပ်ဆိုင်းပါ။ စီနီယာများကို မြေတောင်မြှောက်ပေးရန်အတွက် ဆောင်းဦးရာသီရောက်ချိန်အထိ SAT ကို ရွှေ့ဆိုင်းပါ။ အခြားအထက်တန်းကျောင်းသားများအား ဆောင်းဦးရာသီတွင် PSAT ကို လုပ်ဆောင်ခွင့်ပြုပါ။

- **အထက်တန်းကျောင်းဘွဲ့ချီးမြှင့်ပေးအပ်ခြင်း /မီချီဂန်အရည်အချင်းစစ်သင်ရိုးညွှန်းတမ်း -** စီရင်စုဒေသများ သည် စီနီယာများသို့ အဆင့်များပေးရန်၊ ဘွဲ့ချီးမြှင့်ပေးအပ်ရန်အတွက် လိုအပ်သောအမှတ်များကို ပေးအပ်ရန်၊ ဘာသာရပ်ဆိုင်ရာရမှတ်များကို အတည်ပြုပေးအပ်ရန်နှင့် ဘွဲ့လွှန်များကို အပ်နှင်းရန်အတွက် အစီအစဉ်/လုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်။ ဦးစားပေးလေ့လာသင်ယူခြင်း/အထူးတတ်ကျွမ်းခြင်းအတွက် ခရက်ဒစ်ပေးအပ်ရန်နှင့်/သို့မဟုတ် လေ့လာသင်ယူခြင်း၊ ကိုယ်ရေးအချက်အလက်/ကိုယ်ရေးအကျဉ်းလုပ် နည်း၊ သို့မဟုတ် ပြီးဆုံးသည့်လုပ်ဆောင်ချက်ကို အခြေခံသည့် ပရောဂျက်ကို အသုံးချရန် စီရင်စုဒေသများ အား တိုက်တွန်းနှိုးဆော်ထားသည်။

- **အထူးပညာရေး -** စီရင်စုဒေသများသည် ကျောင်းသားများနှင့် ယင်းတို့၏ တစ်ဦးချင်းပညာရေးပရိုဂရမ် (IEP) ကို တတ်နိုင်သလောက်အပြည့်အဝကူညီထောက်ပံ့သော်လည်း အရေးပေါ်အခြေအနေပြီးဆုံးသွားသည့် အချိန်တွင် စီရင်စုဒေသများအနေဖြင့် အထူးလိုအပ်ချက်ရှိသောကျောင်းသားများအား အစားထိုးဝန်ဆောင်မှုများပေးရန် လိုအပ်နိုင်သည်ကို သိမှတ်ရမည်။ စီရင်စုဒေသများသည် အမေရိကန်ပညာရေးဌာနအားလုံးအပါအဝင် MDE လမ်းညွှန်ချက်တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ IEPs နှင့် 504 အစီအစဉ်များနှင့်အတူ ကျောင်းသားများနှင့် သက်ဆိုင်သည့် အမေရိကန်ပညာရေးဌာနမှ နောက်ထပ်လမ်းညွှန်ချက်နှင့် ပြုပြင်ပြောင်းလဲနိုင်မှုကို

ရှာဖွေရန် MDE အား အပြင်းအထန်တိုက်တွန်းပါ။

- **ဆရာဖြစ်လက်မှတ်နှင့် ပညာဆက်လက်သင်ကြားခြင်း** ကနဦး ဆရာဖြစ်အသိအမှတ်ပြုလက်မှတ်များနှင့် ပြန်လည်အသစ်လဲခြင်းများကို ထုတ်ပေးရန်၊ COVID-19 ကြောင့် ဖြစ်ပေါ်လာသော အဟန့်အတားများကို ရင်ဆိုင်ရန် ကြိုးကြပ်သူအား နောက်ထပ်ပြုပြင်ပြောင်းလဲနိုင်မှုကို တင်ပြပါ။

- **MPSERS -** ကျောင်းပိတ်ခြင်းသည် MPSERS အတွက် ထောက်ပံ့မှုများ သို့မဟုတ် ဝန်ဆောင်ခများ
- တိုးပွား လာမှုကို ထိခိုက်မည်မဟုတ်ပါ။

- **အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ပူးပေါင်းညှိနှိုင်းဆွေးနွေးခြင်း-** အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ပူးပေါင်းညှိနှိုင်းဆွေးနွေးခြင်းသဘောတူညီချက်များကို လိုက်နာဆောင်ရွက်သည့်နည်းလမ်းဖြင့် အဆိုပါ EO ကို ဆောင်ရွက်ရမည်။

- **တစ်ကိုယ်ရည်သုံးကာကွယ်ရေးပစ္စည်း (PPE) နှင့် ထောက်ပံ့ပစ္စည်းများ -** လိုအပ်သည့် ယင်းတို့ဒေသတွင်းရှိ အဖွဲ့အစည်းသို့ အသုံးမပြုရသေးသော PPE များ ၊ သန့်ရှင်းရေးပစ္စည်းများနှင့် အခြားအရာများကို လှူဒါန်းရန် စီရင်စုဒေသများကို ခွင့်ပြုတိုက်တွန်းထားသည်။